# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်-( ၄၂ / ၂၀၂၃)

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော **ယာဉ်မောင်းစက်ပြင်(၅)** (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) ရာထူး (၃) နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကြီးသူ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်ထက်မကြီးသူ) အမျိုးသားဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအမှူး၏ ခွင့်ပြုချက်တင်ပြရမည်၊

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

(ဃ) အခြေခံပညာအလယ်တန်းအောင်မြင်သူ (အောင်လက်မှတ်မူရင်း တင်ပြနိုင်သူ) ဖြစ်ရမည်၊

(င) ယာဉ်မောင်းလိုင်စင်ရှိသူ(တင်ပြနိုင်သူ)ဖြစ်ရမည်၊

(စ ) စက်ပြင်အတွေ့အကြုံရှိရမည်၊

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဇ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြနိုင်သူဖြစ်ရမည်၊

(ဈ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ (pdf format ဖြင့် scan ဖတ်၍ ) ပူးတွဲလျက် administrationfd@forest.gov.mm / forestadmdev @gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေး ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ **၁၅-၁၂-၂၀၂၃** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်-

(က) အခြေခံပညာအလယ်တန်းအောင်လက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်မိတ္တူ (စစ်ဆေးသည့်အခါ မူရင်းများ တင်ပြနိုင်ရမည်)၊

( ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

( ဂ) ပြင်ပမှလျှောက်ထားသူများအတွက်အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးသည့်အခါတွင် မူရင်း တင်ပြနိုင်ရမည်)၊

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း၊

၄။ ရေးဖြေစာမေးပွဲကို အထွေထွေဗဟုသုတ ဘာသာရပ် စစ်ဆေးခြင်း၊ **မော်တော်ယဉ်ပြုပြင်/ မောင်းနှင်မှု စစ်ဆေးခြင်း** နှင့် လူတွေ့စစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုမည့်နေ့ရက် | အချိန် |
|---|---|---|---|
| ၁ | အထွေထွေဗဟုသုတ | ၂၃-၁၂-၂၀၂၃(စနေနေ့) | ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီထိ |

၅။ ရေးဖြေစာမေးပွဲအတွက် ကြိုတင်လေ့လာရမည့် အကြောင်းအရာများ၊ ရေးဖြေစာမေးပွဲ ဖြေဆိုမည့်နေရာ၊ စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်၊ မော်တော်ယဉ်ပြုပြင်/မောင်းနှင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သစ်တောဦးစီးဌာန Website- www.forestdepartment.gov.mm တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက် ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို သစ်တောဦးစီးဌာန၏ https://bit.ly/3N3ZQWT တွင် download ရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

သို့

ညွှန်ကြားရေးမှူးချုပ်

သစ်တောဦးစီးဌာန

နေပြည်တော်

ရက်စွဲ၊ ----------------------

အကြောင်းအရာ။ **သစ်တောဦးစီးဌာနတွင် ယာဉ်မောင်းစက်ပြင်(၅) ရာထူးနေရာ ခန့်ထားပေးပါရန် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် ရိုသေစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ------------------ သည် ------------- ပညာသင်နှစ်၊ ------------ ခုနှစ်၊ -------------------------------- တက္ကသိုလ်/ကျောင်းမှ ------------------- ဘွဲ့/တန်း ရရှိအောင်မြင်ပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လိုပါသောကြောင့် ရိုသေစွာဖြင့် ဆန္ဒပြုလျှောက်ထားအပ်ပါသည်။

၃။ ကျွန်တော်အနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ပြီး တာဝန်ပေးစေလွှတ်သည့် မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည် ဖြစ်ပါကြောင်းနှင့် ဌာန၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

၄။ ကျွန်တော်၏ ကိုယ်ရေးရာဇဝင်ကို ပူးတွဲတင်ပြအပ်ပါသည်။

ရိုသေစွာဖြင့်

လက်မှတ် - ---------------------

အမည် - ---------------------

မှတ်ပုံတင်အမှတ် - ---------------------

# ကိုယ်ရေးရာဇဝင်အကျဉ်း

| ဓါတ်ပုံ (1½" × 2" ၊ နောက်ခံအပြာ၊ စတစ်အဖြူ/ရင်ဖုံး) |
|---|

၁။ အမည် – ------------------------------------------

၂။ အဘအမည် – ------------------------------------------

၃။ အမိအမည် – ------------------------------------------

၄။ မှတ်ပုံတင်အမှတ် – ------------------------------------------

၅။ မွေးသက္ကရာဇ်/အသက် – ------------------------------------------

၆။ ကိုးကွယ်သည့်ဘာသာ – ------------------------------------------

၇။ လူမျိုး – ------------------------------------------

၈။ ပညာအရည်အချင်း – ------------------------------------------

၉။ ဆက်သွယ်ရန်လိပ်စာ – ------------------------------------------

------------------------------------------

၁၀။ အမြဲတမ်းနေရပ်လိပ်စာ – ------------------------------------------

------------------------------------------

၁၁။ ဆက်သွယ်ရန်ဖုန်းနံပါတ် – ------------------------------------------

------------------------------------------

အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

လက်မှတ် – --------------------

အမည် – --------------------

မှတ်ပုံတင်အမှတ် – --------------------